**JUSTICE FOR MYANMAR**

# သတင်းထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၄ | မြန်မာ**

# B20 ထိပ်သီးအစည်းအဝေး မိတ်ဖက်များက အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်းတွင်ပင် မြန်မာစစ်အုပ်စုထံ စစ်လက်နက်နှင့် ပစ္စည်းကိရိယာများ ရောင်းချခဲ့

G20 နိုင်ငံများ၏ စီးပွားရေးဆွေးနွေးမှုဖိုရမ်ဖြစ်သည့် ၂၀၂၃ စီးပွားရေးထိပ်သီး ၂၀ (B20) အစည်းအဝေး၏ တရားဝင် မိတ်ဖက်ကုမ္ပဏီများသည် မြန်မာစစ်အုပ်စုအတွက် စစ်လက်နက်များနှင့် ပစ္စည်းကိရိယာများ ရောင်းချထောက်ပံ့နေသည့် ကုမ္ပဏီများဖြစ်ပြီး၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ မြန်မာစစ်အုပ်စု၏ တရားမဝင်အာဏာသိမ်း ကြိုးပမ်းမှု နောက်ပိုင်းကတည်းကပင် ဖြစ်ပါသည်။ ၂၀၂၃ ခုနှစ် B20 နှင့် G20 ထိပ်သီးအစည်းအဝေးများကို အိန္ဒိယနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည် ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံမှ မြန်မာစစ်အုပ်စုအပေါ် ထောက်ခံပံ့ပိုးမှုအားလုံး ရပ်တန့်ရေးနှင့် မြန်မာနိုင်ငံသို့ စစ်လက်နက်ရောင်းချမှု ပိတ်ဆို့ရေးအတွက် G20 အဖွဲ့ဝင်နိုင်ငံများမှ တိုက်တွန်းပြောဆိုရန် Justice For Myanmar က တောင်းဆိုပါသည်။

B20 ထိပ်သီးအစည်းအဝေး မိတ်ဖက်ကုမ္ပဏီများနှင့် တက်ရောက်သူအားလုံးအနေဖြင့် ၎င်းတို့၏ နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ တာဝန်များနှင့်အညီ စစ်အုပ်စုနှင့် သော်လည်းကောင်း၊ စစ်အုပ်စုပိုင် စီးပွားရေးလုပ်ငန်းစုကြီး များနှင့်သော်လည်းကောင်း ပူးပေါင်းလုပ်ဆောင်နေသည့် စီးပွားရေးလုပ်ငန်း အားလုံးကို အပြီးတိုင် ရပ်ဆိုင်းသင့် သည်။

B20 ထိပ်သီးအစည်းအဝေး၏ တရားဝင်မိတ်ဖက်များတွင် မြန်မာနိုင်ငံသို့ စစ်လက်နက်နှင့် စစ်ဘက်ဆိုင်ရာ ပစ္စည်းများ ရောင်းချထောက်ပံ့ခဲ့သည့် TATA, Larsen & Toubro နှင့် Bharat Forge ကုမ္ပဏီများ၊ စစ်တပ်ပိုင် ဆိပ်ကမ်းတည်ဆောက်ရေးတွင် ပံ့ပိုးကူညီခဲ့သည့် JFW ကုမ္ပဏီတို့ ပါဝင်သည်။

မြန်မာစစ်အုပ်စုသည် ၂၀၁၀ ခုနှစ်တွင် TATA Motors နှင့် ယခင်စစ်စိုးရတို့အကြား မူလချုပ်ဆိုခဲ့သော သဘောတူစာချုပ်အရ မကွေးတိုင်းအတွင်း ထရပ်ကားများ ထုတ်လုပ်လျက်ရှိသည်။ TATA Motors Limited သည် TATA Group ၏ ကုမ္ပဏီတစ်ခုဖြစ်ပြီး၊ အိန္ဒိယနိုင်ငံတွင် စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီတစ်ခုဖြစ်သည်။ TATA Motors Limited သည် အရပ်ဘက်နှင့် စစ်ဘက်သုံးယာဉ်များကို ထုတ်လုပ်သည်။

စစ်ရာဇဝတ်ကောင် မင်းအောင်လှိုင် ထုတ်ပြန်ခဲ့သည့် ၂၀၁၉ ခုနှစ် သတင်းဆောင်းပါးတစ်ပုဒ်တွင် မကွေး တပ်မတော် အကြီးစားစက်မှုလုပ်ငန်းစက်ရုံသို့ သွားရောက်ကြည့်ရှုမှု ခရီးစဉ်အသေးစိတ်ကို ဖော်ပြခဲ့ပြီး၊ ယင်းသတင်းအရ ရိုဟင်ဂျာများအပေါ် မြန်မာစစ်အုပ်စ၏ လူမျိုးတုန်းသတ်ဖြတ်မှုနောက်ပိုင်း ထရပ်ကားထုတ်လုပ်ရေးလုပ်ငန်းတွင် TATA ၏ ဆက်လက်ပါဝင်နေမှုကို အတည်ပြုခဲ့သည်။

အိန္ဒိယပို့ကုန်မှတ်တမ်းများအရ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လနောက်ပိုင်းတွင် မြန်မာနိုင်ငံသို့ မြန်မာစစ်အုပ်စု၏ ပစ္စည်းဝယ်ယူရေးညွှန်ကြားမှုဦးစီးဌာန အပါအဝင် စစ်တပ်စီးပွားရေးလုပ်ငန်းစု မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) နှင့် TATA Motors ၏ ပုဂ္ဂလိက မိတ်ဖက်ကုမ္ပဏီ Apex Greatest Industrial Company Limited တို့ထံ TATA Motors ၏ အမေရိကန်ဒေါ်လာ ၁၃ သန်းကျော် တန်ဖိုးရှိသည့် မော်တော်ယာဉ်များနှင့် အပိုပစ္စည်း တင်ပို့မှုများကိုလည်း တွေ့ရသည်။

Apex Greatest Industrial သည် မြန်မာနိုင်ငံရှိ TATA မော်တော်ယာဉ်များအတွက် တရားဝင် ဝန်ဆောင်မှု ပေးသူဖြစ်ပြီး၊ စစ်အုပ်စု၏ ပစ္စည်းဝယ်ယူရေးညွှန်ကြားမှုဦးစီးဌာနတွင် တင်သွင်းရောင်းချသူ ကုမ္ပဏီအဖြစ် မှတ်ပုံတင်စာရင်းသွင်းထားသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။

Larsen & Toubro Ltd သည် စစ်လက်နက်များ ထုတ်လုပ်သည့် စတော့အိတ်ချိန်းစာရင်းဝင် အိန္ဒိယလုပ်ငန်းစုကြီး တစ်ခုဖြစ်ပြီး၊ LWT-XP တော်ပီဒိုများကို မြန်မာစစ်အုပ်စထံ ရောင်းချပေးထားသည်။ စစ်အုပ်စု၏ အာဏာသိမ်း ကြိုးပမ်းမှုအပြီး ရက်ပိုင်းအကြာတွင် Larsen & Toubro သည် အပိုပစ္စည်းများနှင့် အချက်ပေးစောင့်ကြည့်စနစ် တို့ကို Sapphire Group of Companies ထံ ၎င်းကုမ္ပဏီ၏ စင်ကာပူကုမ္ပဏီခွဲမှတဆင့် ပေးပို့ခဲ့ကြောင်း အိန္ဒိယပို့ကုန်မှတ်တမ်းများအရ သိရသည်။

Bharat Forge Limited သည် စစ်လက်နက်များ ထုတ်လုပ်သည့် စတော့အိတ်ချိန်းစာရင်းဝင် အိန္ဒိယ လုပ်ငန်းစုကြီးတစ်ခု ဖြစ်သည်။ ၎င်း၏ ကုမ္ပဏီခွဲ Kalyani Strategic Systems သည် အမြောက်လက်နက်များကို ထုတ်လုပ်သည်။

Justice For Myanmar ထံ ပေါက်ကြားလာသည့် စာရွက်စာတမ်းတစ်ခုတွင် Bharat Forge နှင့် Kalyani တို့မှ ကိုယ်စားလှယ်အဖွဲ့သည် ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုစစ်ဆင်ရေးကာလအတွင်း ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် မြန်မာစစ်အုပ်စနှင့် တွေ့ဆုံခဲ့ကြောင်း ဖော်ပြသည်။ အဆိုပါအစည်းအဝေးတွင် အိန္ဒိယ၏ Garuda အမျိုးအစား ၁၀၅ မမ အပေါ့စားအမြောက်လက်နက်များအကြောင်း ဆွေးနွေးခဲ့သည်။

အိန္ဒိယအစိုးရအနေဖြင့် ၁၀၅ မမ အမြောက်လက်နက်များ ရောင်းချထောက်ပံ့ရေးနှင့် စပ်လျဉ်း၍ အနီးစပ်ဆုံး ကာလအဖြစ် ၂၀၂၀ ခုနှစ်၊ အောက်တိုဘာလတွင် မြန်မာစစ်အုပ်စနှင့် ဆွေးနွေးမှုများရှိခဲ့ကြောင်း သတင်းများက ဖော်ပြနေပြီး၊ ယင်းတွင် Bharat Forge လည်း ပါဝင်နိုင်ဖွယ်ရှိသည်။

၂၀၁၉ ခုနှစ် အိန္ဒိယ သွင်းကုန်-ပို့ကုန်မှတ်တမ်းများအရ Kalyani Strategic Systems သည် မြန်မာစစ်အုပ်စု၏ T90 တိုက်ခိုက်ရေးတင့်ကားများအတွက် ပြုပြင်ထိန်းသိမ်းမှုနှင့် အပိုပစ္စည်းအစိတ်အပိုင်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

JSW Steel Limited သည် JSW Group ၏ စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီခွဲတစ်ခု ဖြစ်သည်။ ကုမ္ပဏီ ၏ ၂၀၂၁-၂၀၂၂ စုပေါင်းအစီရင်ခံစာအရ မြန်မာနိုင်ငံရှိ Adani Ports & SEZ ကွန်တိန်နာဆိပ်ကမ်းသည် JSW Steel ၏ ဂုဏ်ယူစရာစီမံကိန်းတစ်ခု ဖြစ်သည်။ မကြာသေးမီကာလအတွင်း Adani Ports က ရင်းနှီးမြှုပ်နှံမှုများ ရုတ်သိမ်းသွားသည့် အဆိုပါဆိပ်ကမ်းသစ်ကြီးသည် မြန်မာစစ်တပ်စီးပွားရေးလုပ်ငန်းစု MEC နှင့် မိတ်ဖက်လုပ်ဆောင် သည့် လုပ်ငန်းတစ်ရပ် ဖြစ်သည်။ Adani Ports သည် မြေငှားရမ်းမှု၊ သုံးစွဲမှုနှင့် မြေနေရာရှင်းလင်းမှုများအတွက် MEC သို့ အမေရိကန်ဒေါ်လာ သန်း ၉၀ ကျော် ပေးချေထားခဲ့ပြီး၊ ငှားရမ်းကာလ ပြီးဆုံးသည့်အခါ အကျိုးအမြတ်များပြီး၊ မဟာဗျူဟာမြောက် ဆိပ်ကမ်းနှင့် JSW မှ ရောင်းချပေးအပ်ခဲ့သည့် ပစ္စည်းများအပါအဝင် အဆိုပါဆိပ်ကမ်း၏ ပိုင်ဆိုင်မှုအားလုံးကို MEC က ပိုင်ဆိုင်သွားမည် ဖြစ်သည်။

TATA Motors၊ Larsen & Toubro နှင့် Bharat Forge တို့သည် မြန်မာစစ်အုပ်စု၏ နိုင်ငံတကာရာဇဝတ်မှုများ ကျူးလွန်ရန် အထောက်အပံ့ဖြစ်စေမည့် စစ်လက်နက်နှင့် ပစ္စည်းကိရိယာများကို ရောင်းချ ပေးထားသည်။ JSW သည် စစ်တပ်စီးပွားရေးလုပ်ငန်းစုကြီးကို ပိုမိုကြွယ်ဝစေပြီး၊ စစ်ရာဇဝတ်ကောင်များကို အကျိုးအမြတ်ရှိစေသည့် အပြင် စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုများအတွက် ငွေကြေးဖြည့်တင်း ကူညီသည့် အခြေခံအဆောက်အဦ စီမံကိန်းတစ်ခုကို ပံ့ပိုးကူညီထားသည်။

TATA Motors နှင့် Larsen & Toubro ကုမ္ပဏီနှစ်ရပ်လုံးသည် Burma Campaign UK ၏ မြန်မာစစ်အုပ်စုနှင့် စီးပွားရေးလုပ်ဆောင်နေသော ကုမ္ပဏီများစာရင်း Dirty List တွင် ပါဝင်သည်။

မြန်မာစစ်အုပ်စု၏ နိုင်ငံတကာရာဇဝတ်မှုများများတွင် အိန္ဒိယအစိုးရနှင့် စီးပွားရေးလုပ်ငန်းကြီးများ၏ ကြံရာပါ ပတ်သက်မှုသည် B20 ထိပ်သီးအစည်းအဝေး မိတ်ဖက်ကုမ္ပဏီများ၏ လုပ်ဆောင်ချက်များ မျှသာမကပေ။ Justice For Myanmar က ယခင်ဖော်ထုတ်ထားသည့်အတိုင်း အိန္ဒိယနိုင်ငံပိုင်ကုမ္ပဏီ Bharat Electronics Limited နှင့် Yantra India Limited တို့သည် စစ်အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း မြန်မာစစ်အုပ်စုထံ ပစ္စည်းကိရိယာများနှင့် နည်းပညာများ ထောက်ပံ့ပေးထားသည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** “B20 ထိပ်သီးအစည်းအဝေး မိတ်ဖက်ကုမ္ပဏီ အချို့ရဲ့ ကြံရာပါပတ်သက်မှုအပြင် မြန်မာစစ်အုပ်စုအတွက် အိန္ဒိယအစိုးရရဲ့ ပံ့ပိုးကူညီမှုက B20 နဲ့ G20 ထိပ်သီး အစည်းအဝေးတွေအပေါ် လွှမ်းမိုးထိခိုက်စေမှာဖြစ်တဲ့အတွက် တက်ရောက်သူတွေနဲ့ အဖွဲ့ဝင်နိုင်ငံတွေက စိုးရိမ်သင့်ပါတယ်။

အကြမ်းဖက်စစ်အုပ်စုကို စစ်လက်နက်တွေနဲ့ ပစ္စည်းကိရိယာတွေ ရောင်းချနေတာတွေဟာ အိန္ဒိယအစိုးရနဲ့ ကုမ္ပဏီတွေက မြန်မာပြည်သူတွေရဲ့ အသံတွေ၊ ကုလသမဂ္ဂပြဋ္ဌာန်းချက်တွေနဲ့ နိုင်ငံတကာဥပဒေအရ သူတို့ရဲ့ တာဝန်ရှိမှုတွေကို လျစ်လျူရှုဖို့ ရွေးချယ်ကြတာ ဖြစ်ပါတယ်။

အိန္ဒိယအနေနဲ့ မြန်မာစစ်အုပ်စုထံ စစ်လက်နက်ရောင်းချမှုပိတ်ပင်ရေးကို ချက်ချင်းပြဋ္ဌာန်းပြီး၊ စစ်အုပ်စုအတွက် ပံ့ပိုးမှုတွေကို အဆုံးသတ်ဖို့ Justice For Myanmar က တောင်းဆိုပါတယ်။

G20 ထဲမှာပါဝင်တဲ့ အိန္ဒိယရဲ့ မဟာမိတ်နိုင်ငံတွေအနေနဲ့ လူသတ်စစ်အုပ်စုထံ လက်နက်ရောင်းချ စီးဆင်းနေမှုကို အပြီးတိုင်ရပ်ဆိုင်းရေးအတွက် ၎င်းတို့ရဲ့ သြဇာအရှိန်အဝါကို အသုံးပြုပြီး အိန္ဒိယအပေါ် ဖိအားပေးသင့်ပါတယ်။

B20 မိတ်ဖက်ကုမ္ပဏီတွေနဲ့ တက်ရောက်သူတွေဟာ စစ်အုပ်စု၊ စစ်အုပ်စုရဲ့ စီးပွားရေးလုပ်ငန်းစုကြီးတွေနဲ့ ဆက်နွှယ်ပတ်သက်နေမှုအားလုံးကို ဖြတ်တောက်သင့်ပါတယ်။" ဟု ပြောကြားခဲ့သည်။

## ပိုမိုသိရှိရန်

Justice For Myanmar | media@justiceformyanmar.org

https://www.justiceformyanmar.org/ |

Mirror:https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ် ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။